# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ


March 28, 2019 Volume 17, Number 18


**၂၈.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅/ကျပ် |
| CBM Rate | = ၁၅၂၀.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၁.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၈.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၇.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၉၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၂၅ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၃.၆၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၇၆ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၇၂ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာမှ ဥရောပသို့ ပို့ကုန် ၂၀၁၈ အတွင်း ယူရို သန်း ၇၀၀ ကျော် တိုးတက်ခဲ့




မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ တင်ပို့နေသည့် ပို့ကုန်တန်ဖိုးသည် ၂၀၁၈ ခုနှစ်အတွင်း ၂၀၁၇ ခုနှစ်ထက် ယူရိုသန်း (၇၃၄)တိုးတက်ခဲ့ကြောင်း ဥရောပသမဂ္ဂ၏ စာရင်းများအရတွေ့ရသည်။ ဥရောပနိုင်ငံများသို့ မြန်မာနိုင်ငံမှ ၂၀၁၇ ခုနှစ်တွင် ယူရို သန်း (၁၅၆၁) ဖိုး တင်ပို့ထားခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မှ ယူရို သန်း (၂၂၉၅) တန်ဖိုးအထိ တင်ပို့နိုင်ခဲ့ကြောင်းကို ဥရောပသမဂ္ဂ ဝက်ဘ်ဆိုက်ဒ်မှ ဖော်ပြထားသည်။ မြန်မာနိုင်ငံမှ ပို့ကုန်များတွင် အထည်အလိပ်၊ ဟင်းသီးဟင်းရွက်၊ ဖိနပ်၊ ဦးထုပ်နှင့်အခြားပစ္စည်းများ၊ ပုလဲနှင့်တန်ဖိုးကြီး တွင်းထွက်သတ္တုများ ပါဝင်နေသည်။ ၂၀၁၉ ခုနှစ်မှာ အလားတူမျိုး အခြေအနေ ကောင်းမလားဆိုတာ လက်ရှိမှာတော့ ဆန်မှာဆန်လုံးရှည်တစ်ခု GSP ဖြုတ်လိုက်တာပေ့ါနော် ဖြုတ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီဟာတော့ ကျသွား မယ်။ သို့သော်လည်း ကျန်တဲ့အထည်ချုပ်တို့ ဆန်ကွဲတို့ရှိနေသေးတယ် ဆိုတော့ ဆက်တော့သွားနေတာပေ့ါနော်။ ဆန်လုံးရှည်တင်ပို့မှုက ပမာဏ အများကြီး မဟုတ်ဘူး တန်ချိန်သုံးသိန်းလောက်မှာ တန်ချိန်လေးသောင်းကျော် ငါးသောင်းလောက်ပဲရှိတာပေ့ါနော်။ အဲဒီတော့ ၂၀၁၉ မှာလည်း ဆက်ပြီးတင်ပို့သွားမယ်လို့ မြင်ကြောင်း စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းကပြောသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့ ကုန်သွယ်မှုသမိုင်းတွင် ၂၀၁၅ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှပို့ကုန်များကို ဥရောပသမဂ္ဂထက် ပိုမိုတင်ပို့လာနိုင်ခဲ့ပြီး နှစ်စဉ်ပို့ကုန်တန်ဖိုးများ ၂၀၁၈ ခုနှစ်အထိ ဆက်တိုက်မြင့်တက်နေသည်ကိုတွေ့ရ သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပို့ကုန်တန်ဖိုး ယူရို (၆၈၂) သန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် ပို့ကုန်တန်ဖိုး ယူရို (၉၉၆) သန်း၊ ၂၀၁၇ ခုနှစ်တွင် ယူရို (၁၅၆၁) သန်း၊ ၂၀၁၈ ခုနှစ်၌ ယူရို (၂၂၉၅) သန်းရှိလာခဲ့ခြင်းဖြစ်သည်။

**Source:** http://betvmyanmar.com/my/news/%E1%80% BB%E1% 80%99% E1%80%94%E1%80


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ပိုင်များတွင် အခွန်အမှတ်တံဆိပ်မပါရှိပါက လက်ဝယ်ရှိသူမှ တန်ဖိုး၏ (၁၀၀) ရာခိုင်နှုန်းပေးဆောင်ရမည်

အထူးကုန်စည်အဖြစ် အခွန်အမှတ်တံဆိပ်ကပ်ရန်သမှတ်ထားသော အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်နှင့် ပိုင်များတွင် အခွန်အမှတ်တံဆိပ်ကပ်နှံထားခြင်းမရှိပါက လက်ဝယ်ထားရှိသူမှ ပစ္စည်းတန်ဖိုး၏ (၁၀၀) ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ (၂၂) ပုဒ်မခွဲ (ဂ) အရ လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ရာနှုန်းပြည့် ပေးဆောင်ရမည့်အပြင် ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်ဖြစ်သည်။ ထို့အပြင် အထူးကုန်စည်များကိုထုတ်လုပ်ပြီးနောက် အခွန်အမှတ်တံဆိပ်ကပ်ခြင်းမရှိဘဲ ရောင်းချဖြန့်ဖြူးသည်ကို စစ်ဆေးတွေ့ရှိပါက အထူးကုန်စည်ခွန်ဥပဒေပုဒ်မ (၂၂)၊ ပုဒ်မခွဲ (စ) အရ ထုတ်လုပ်သူမှ တန်ဖိုး၏ (၅၀) ရာခိုင်နှုန်းကို ဒဏ်ကြေး ပေးဆောင်ရမည်ဖြစ်သည်။

ထိုကဲ့သို့ အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်များကို သတင်းပေးတင်ပြပါက သတင်းပေးသူကို ဒဏ်ငွေ၏ (၂၀) ရာခိုင်နှုန်း၊ ရှာဖွေဖမ်းဆီးသူကို (၃၀) ရာခိုင်နှုန်း အထူးကုန်စည်ခွန်ဥပဒေအရ ချီးမြှင့်သွားရန်လည်း စီစဉ်ထားသည်။ စီးကရက်၊ အရက်၊ ပိုင် တို့ကို ၂၀၁၅ ခုနှစ်မှစတင်၍ အထူးကုန်စည်အဖြစ် အခွန်အမှတ်တံဆိပ်ကပ်နှံရန် ညွှန်ကြားထားခဲ့ပြီး ဆေးပေါ့လိပ်များအတွက် ၂၀၁၇ ခုနှစ်မှစ၍ ညွှန်ကြားချက်ထုတ်ထားခြင်းဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

**Source:** http://betvmyanmar.com/my/news/%E1%80%A1%E1%80%9B%E1%80%80%E1%80%B9%E1%81%8A-

## ဓာတ်ဆီဖြူအပါအဝင် စက်သုံးဆီများကို လယ်ယာသုံးအတွက်သာ အဓိကဝယ်ယူနေ

ဓာတ်ဆီဖြူအပါအဝင် စက်သုံးဆီများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောင်းချပေးနေသော်လည်း သုံးစွဲရန် ဝယ်ယူမှု နည်းပါးကာ လယ်ယာသုံးအတွက်သာ အဓိကဝယ်ယူနေကြောင်း ရန်ကုန်စက်သုံးဆီဈေးကွက်မှသိရသည်။
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူး ရောင်းချသူများအသင်း(MPTA)သို့ ရေနံချက်စက်ရုံများ (သံပုရာကန်၊ချောက်)နှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)တို့မှ ထုတ်လုပ်သည့်စက်သုံးဆီ (ဓာတ်ဆီအရော၊ ဓာတ်ဆီဖြူ၊ Naphtha ၊ ဓာတ်ဆီဝါ) တို့ကို မတ် ၂၅ ရက်မှ စတင်ရောင်းချပေးလျက်ရှိသည်။
ဓာတ်ဆီဖြူကို အရင်ကဆိုင်ကယ်သမားတွေ ကြိုက်ကြတယ်။ အခုနောက်ပိုင်း မကြိုက်ကြတော့ဘူး။ အောက်တိန်း ၉၂ ကောင်းတာသိတော့ အောက်တိန်း ၉၂ ပဲ အသုံးများကြတယ်။ ဓာတ်ဆီဖြူကသိပ်မသုံးတော့ ဓာတ်ဆီဖြူအရောင်း ဈေးကွက်ကကျသွားကြောင်း မြင့်မြတ်ထွဋ်ခေါင် စက်သုံးဆီအရောင်းဆိုင်မှ အထွေထွေမန်နေဂျာ ဦးတင်မင်းလွင်က ပြောသည်။

ဓာတ်ဆီဖြူများကို မော်တော်ယာဉ်ငယ်များနှင့် မော်တော်ဆိုင်ကယ်များတွင် သုံးစွဲရန်ရောင်းချပေးလျက်ရှိသည်။ ထိုသို့ ရောင်းချရာတွင် သံပုရာကန်မှ ဓာတ်ဆီအရော တစ်ဂါလံလျှင် ငွေကျပ် ၃၈၀၆၊ ဓာတ်ဆီဖြူတစ်ဂါလံလျှင် ငွေကျပ် ၃၉၀၆၊ ဓာတ်ဆီဝါ တစ်ဂါလံလျှင် ငွေကျပ် ၃၇၀၆ ဖြင့် ရောင်းချလျက်ရှိသည်။ ထို့ပြင် စက်သုံးဆီဝယ်ယူလိုသူများအနေဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်) ဘဏ္ဍာရေးဌာန၌ ငွေသွင်းဝယ်ယူနိုင်ကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/business/item/41949-2019-03-28-10-22-29

## အိန္ဒိယအစိုးရ၏ မူဝါဒအခြေအနေကို စောင့်ကြည့်နေခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင်း မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်း တည်ငြိမ်နေ

အိန္ဒိယအစိုးရ၏ ပဲတင် သွင်းမည့်မူဝါဒအခြေအနေကို စောင့်ကြည့်နေခြင်းကြောင့် ပြည် တွင်းဈေးကွက်အတွင်း မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်း တည်ငြိမ်နေ ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအတွင်းရေး မှူးဦးမင်းကိုဦးက ပြောသည်။

မတ်လလယ်က ပြည်ပမှပဲတင်သွင်းလိုသည့် ကုန်သည်များကို အဆိုပြုလွှာလျှောက်ထားရန် အိန္ဒိယအစိုးရက ဖိတ်

ခေါ်ထားသည်ဆိုသည့်သတင်း ထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်တွင် အိန္ဒိယအစိုးရ၏ ပဲတင်သွင်းမည့် အစီအစဉ်ကို ကုန်သည်များကစောင့်ကြည့်နေသည့်အခြေအနေတွင် သာရှိနေသည်ဟု ဦးမင်းကိုဦးက ပြောသည်။ "ခွဲတမ်းနဲ့ပဲ သွင်းခွင့်ပေး မလား၊ ဘယ်လိုပဲအမျိုးအစား တွေ သွင်းခွင့်ပေးမလဲဆိုတာ စောင့်နေကြပါတယ်" ဟု ၎င်းက ပြောသည်။

ထိုအခြေအနေတွင် ပြည်တွင်းပဲဈေးကွက်၌ မတ်ပဲတစ် တန်လျှင် ကျပ်ခြောက်သိန်းရှစ် သောင်းကျော်မှ ကျပ်ခုနစ်သိန်းနှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ်ခုနစ်သိန်းသုံးသောင်းမှ ကျပ်ရှစ်သိန်းကျော်အကြား ဈေးရှိကြောင်း ဘုရင့်နောင် ပဲကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောသည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် ပဲအသစ်နှင့်အဟောင်း ဈေးနှုန်းနှစ်မျိုး ဖွင့်လှစ်ကြောင်း ဦးမင်းကိုဦးက ပြောသည်။

မတ်ပဲဈေးနှုန်းက နယ်မြို့များတွင် တစ်တင်းလျှင် ကျပ် နှစ်သောင်းသုံးထောင်ခန့်ရှိပြီး ဝယ်လိုအား ပုံမှန်ရှိကြောင်း ဓနုဖြူမြို့နယ်နေ လယ်သမား ဦးသိန်းအောင်က ပြောသည်။ လက်ရှိ မြန်မာနိုင်ငံတွင် မတ်ပဲအသစ်ပေါ်ချိန်၌ သိုလှောင်လိုသည့် ပြည်တွင်းကုန်သည်များ ၏ ဝယ်လိုအားကောင်းခြင်းနှင့် အထွက်နှုန်းလျော့နည်းခြင်းက မတ်ပဲတစ်တန်လျှင် ကျပ်တစ် သိန်းကျော်သို့ ဈေးပြန်လည်မြင့် တက်စေကြောင်း ပဲကုန်သည်အချို့ကဆိုသည်။ အိန္ဒိယမှ မတ်ပဲအဝယ် မရှိသော်လည်း ပါကစ္စ တန်နှင့် ယူအေအီးနိုင်ငံတို့ကတန် ချိန်အနည်းငယ် ဝယ်လိုအားရှိနေသည်။

**Source:** http://7daydaily.com/story/153205

## ပြည်တွင်းငရုတ်ဈေး တရုတ်အဝယ်လိုက်လာ၍မြင့်တက်

ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားကောင်းလာသောကြောင့် ပြည်တွင်းငရုတ်ဈေးမှာ ဈေးနှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းဝန်းကျင်ထိ မြင့်တက်လာကြောင်း ရန်ကုန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ငရုတ်ဈေးက တရုတ်က ဝယ်လို့ ဈေးတအားတက်သွားတယ်။ များများစဝယ်လာတာ တစ်လလောက်ရှိပြီ၊ ဈေးတက်တာကတော့ နှစ်ပတ်လောက်ရှိပြီ။ ငရုတ်သီး အစိုကော၊ အခြောက်ကောကို တရုတ်ကဝယ်နေတာ၊ ဝယ်ခါစကတော့ သိပ်မတက်ဘူး။ တစ်ဖြည်းဖြည်းနဲ့ တက်လာတာ ဦးခင်ဟန်ကဆိုသည်။ ယခင်က မြစ်ဝကျွန်းပေါ် ဒေသထွက်ငရုတ်ရှည်တစ်ပိဿာလျှင် ၂,၇၀၀ ကျပ်ဝန်းကျင်သာရှိခဲ့ရာမှ လက်ရှိတွင် ကျပ် ၄,၀၀၀ ၊ ဝန်းကျင်သို့ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်၏ စာရင်းများအရသိရသည်။

ပြည်တွင်းက စိုက်ပျိုးထုတ်လုပ်သည့်ငရုတ်ကို တရုတ်နိုင်ငံတစ်ခုတည်းကသာ ဝယ်ယူနေခြင်းဖြစ်ပြီး တရုတ်နိုင်ငံ အနေဖြင့် ယခင်က ငရုတ်ဝယ်ယူမှုနည်းပါးခဲ့သော်လည်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလနောက်ဆုံးပတ်မှ စတင်ကာ ပိုမို ဝယ်ယူလာခြင်းဖြစ်သည်။ အဓိကဝယ်နေတာက ဗီယက်နမ်နဲ့ အိန္ဒိယကပါ။ ဒီနိုင်ငံတွေက ဝယ်လို့မရလို့ မြန်မာနိုင်ငံက ဝယ်တယ်လို့ကြားတယ်။ ဒီရက်ပိုင်း တော်တော်ဝယ်အားကောင်းတယ်။ တစ်ယောက်တစ်ယောက်ကို ကားအစီး ၂၀ ၊ ၁၅ စီးလောက်ဝယ်နေတာ အစိုဆိုလဲ တောက်လျှောက်သွားတာ။ စိုက်တဲ့သူက ခြောက်အောင်တောင် လှမ်းစရာမလိုဘူး၊ အစိုတွေ စွတ် ရောင်းပစ်တာဟု ဦးခင်ဟန်ကဆက်လက်ပြောဆိုသည်။

လက်ရှိတွင် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် မအူပင်၊ ဟင်္သာတ၊ ဝါးခယ်မ၊ ရွှေကျောင်းစသည့်ဒေသများမှထွက်ရှိသည့် ငရုတ်များဝင်ရောက်နေပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ င ရုတ်စိုက် ဒေသများမှထွက်ရှိသော ငရုတ်များလည်း မကြာခင်ဈေးကွက်အတွင်း ဝင်ရောက်လာတော့မည်ဖြစ်သည်။ လယ်ယာ ထွက်ကုန်များအနက် တစ်ခုဖြစ်သော ငရုတ်သီးများမှာ ယခုနှစ်ဈေးကွက်တွင် ဈေးကောင်းမရသဖြင့် တောင်သူများ တွက်ခြေ မကိုက်ဘဲဖြစ်နေကြကြောင်းသိရသည်။ ငရုတ်သီးစိမ်း ဈေးကောင်းမရသဖြင့် ငရုတ်စိုက်တောင်သူများ အနေဖြင့် အသီးကို အပင်တွင်အမှည့်ထား၍ ခူးဆွတ်ပြီးမှ ငရုတ်သီးမှည့်အခြောက်ပြုလုပ်ကာ ရောင်းချနေကြရကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ငရုတ်သီးကို ဝါဆိုလမှ စတင်စိုက်ပျိုးခဲ့ရာ ငရုတ်ပေါ်ချိန် အစောပိုင်းတွင်သာ ဈေးကောင်းရရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် ငရုတ်သီးဈေးမှာ တစ်ပိသာလျှင် ကျပ် ၄၀၀ ဝန်းကျင်သာ ရရှိသောကြောင့် ငရုတ်စိုက်တောင်သူများ အဆင်မပြေဖြစ်နေကြခြင်းဖြစ်သည်။ ငရုတ်ပေါ်တာက အောက်တိုဘာလ ကတည်းကပေါ်ပြီး ပထမတစ်ပတ်ခူးတုန်းက တစ်ပိဿာ ကျပ် ၇၀၀ ကျော်ရတယ်။ အဲဒီနောက်ပိုင်း ကျပ် ၄၀၀ နဲ့ ၅၀၀ ကြားပဲ ရတော့ သိပ်ပြီး တွက်ခြေမကိုက်တော့ဘူး။ ဆေးဖိုးနဲ့ အလုပ်သမားခတောင် မကာမိတော့ဘူး။ တချို့ဆို ခူးနေရင်း ဈေးကထိုးကျသွားတော့ ရပ်ထားတာတွေရှိတယ်။ အေးတဲ့ရာသီတုန်းကတော့

အလုပ်သမားတွေအနေနဲ့ တစ်နေကုန် ဆွတ်နိုင်တယ်။ အခုနောက်ပိုင်း ရာသီဥတုကပူလာတော့ မနက်ပိုင်းပဲ ဆွတ်နိုင်တော့တယ်။ နောက်ပြီး အလုပ်သမားခ တွေက ဈေးတက်လာတော့ ငရုတ်သီးအစိမ်းကို မဆွတ်တော့ဘဲ အပင်မှာပဲ အမှည့်ထားတော့တယ်။ ပြီးမှဆွတ်ပြီး အခြောက်လှန်းထားတဲ့ ငရုတ်သီးခြောက်ကိုပဲ ရောင်းတော့တယ်။ ငရုတ်သီးခြောက်ကို ဖောက်သည်တွေက အိမ်အထိ လာဝယ်တယ်၊ သူတို့က ငရုတ်သီးမှုန့်လုပ်ပြီး ပြန်ရောင်းချကြကြောင်း ပွင့်ဖြူမြို့နယ်မှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။ ဒေသခံများအနေဖြင့် ငရုတ်စိုက်ပျိုးခြင်းမှာ အခြားသီးနှံများမပေါ်ခင် ကြားသီးနှံအဖြစ် အပိုဝင်ငွေရရှိအောင် စိုက်ပျိုးကြခြင်းဖြစ်ပြီး လက်ရှိတွင် ငရုတ်သီးဈေးမကောင်းသဖြင့် အခြောက်လှန်းကာ ငရုတ်သီးခြောက်၊ ငရုတ်သီးမှုန့် ပြုလုပ်ရောင်းချခြင်းဖြင့် ဝင်ငွေပိုရအောင် လုပ်ကိုင်နေကြရကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6936

## ကျွဲ၊ နွားများကို ဗန်းမော်၊ လွယ်ဂျယ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရန်ကြိုးပမ်းနေ

တရုတ်နိုင်ငံသို့ ကျွဲ၊ နွားများ တင်ပို့ရာတွင် လက်ရှိ အသုံးပြုနေသည့် မူဆယ်လမ်းကြောင်းမှာ အရောင်းအဝယ် မကောင်းသောကြောင့် ယင်းလမ်းကြောင်းအစား ဗန်းမော်- လွယ်ဂျယ် လမ်းကြောင်းမှတစ်ဆင့် တင်ပို့ရောင်းဝယ်နိုင်ရန်ကြိုးစားနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများအဖွဲ့ ဉက္ကဋ္ဌ ဦးသောင်းခိုင်က ပြောသည်။
ကျွဲ၊ နွားများကို တရုတ်သို့ တင်ပို့ရာတွင် လက်ရှိ အသုံးပြုနေသည့် မူဆယ်နယ်စပ် ကုန်သွယ်ရေးတွင် တရုတ်ကုန်သည်များ၏ ဈေးကစားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျွဲ၊ နွားဝယ်ယူမှုများကို ရပ်နားထားကာ ဈေးနှိမ်ဝယ်ယူနေမှုကြောင့် ကျွဲ၊ နွား အများအပြား မူဆယ်တွင် သောင်တင်လျက်ရှိသည်။
သို့သော် တရားမဝင် ကျွဲ၊ နွား တင်ပို့သူများ အသုံးပြုနေသည့် ဗန်းမော်- လွယ်ဂျယ် လမ်းကြောင်းတွင်မူ အ ရောင်းအဝယ် ဖြစ်နေသောကြောင့် အဆိုပါလမ်းကြောင်းမှတစ်ဆင့် တရားဝင်တင်ပို့နိုင်ပါက အဆင်ပြေမည်ဟု မျှော်လင့်ချက်ဖြင့် ယင်းလမ်းကြောင်းကို အသုံးပြုနိုင်ရန် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နေကြောင်း ဦးသောင်း ခိုင်က ပြောသည်။
အခု မူဆယ်လမ်းကြောင်းမှာ တရားမဝင်တင်ပို့နေတဲ့ သူတွေကသာ အဆင်မပြေဖြစ်နေတာ အဲ့ဒီ ဗန်းမော် လမ်းကြောင်းဘက်ကနေ တရားမဝင်ပို့ နေတဲ့သူတွေရှိတယ်။ သူတို့ကကျတော့ အဆင်ပြေပြေ ရောင်းရတယ် လို့ ကြားတယ်။ တရုတ်ဘက်ကလည်း အဖမ်းအဆီး သိပ်မရှိဘူး။ ကျွန်တော်တို့လည်း အဲ့ဒီလမ်းကြောင်းကနေ အသုံးပြုတင်ပို့ရင် အဆင်ပြေနိုင်၊ မပြေနိုင်ကွင်းဆင်းလေ့လာကြည့်မယ်ပေါ့ဗျာ " ဟု ၎င်းက ပြောသည်။
ဗန်းမော်- လွယ်ဂျယ် လမ်းကြောင်းကို အသုံးပြုပြီး ကျွဲ၊ နွား တင်ပို့ရန်အတွက် ကျွဲ၊ နွား တင်ပို့မှုများသော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ကျွဲ၊ နွား တင်ပို့သူ အဖွဲ့နှစ်ခု ပူးပေါင်းကြိုး စားနေခြင်းဖြစ် ကြောင်း သိရသည်။
တရားမဝင် တင်ပို့နေတဲ့ သူတွေကကျတော့ ကျွဲ၊ နွား တင်ပို့ဖို့က ၇ ရက်လောက်ပဲ ကြာတယ်။ တရားဝင် တင်ပို့တဲ့ သူတွေကျတော့ စုဆောင်းခွင့် တင်တာ၊ ပိုးမွှား ကင်းလွတ်ကြောင်းတွေ၊ တင်ပို့ခွင့်တွေ လုပ်နေရတာနဲ့ အချိန်က သုံးလခွဲလောက် ကြာတယ်။ အချိန်ကြာတာနဲ့ အမျှ ကုန်ကျစရိတ်က များတယ်။ တစ်ရက်အတွက် အ စာဖိုးကတင် တစ်ကောင်ကို ၄,၈၀၀ ကျတယ်။ တရားမဝင်သွားနေတဲ့ သူတွေကျတော့ အေးအေးဆေးဆေး ရောင်းနိုင်တယ် " ဟု ဦးသောင်းခိုင်က ဆက်လက်ပြောသည်။
မူဆယ်လမ်းကြောင်းတွင် အခြားသစ်သီးဝလံနှင့် လယ်ယာထွက်ကုန်များလည်း တင်ပို့နေသည့် လမ်းကြောင်း ဖြစ်သည့်အတွက် တစ်ရက်လျှင် ကားအစီးရေများစွာ သွားလာနေရခြင်းဖြစ်ပြီး လွယ်ဂျယ်လမ်းမှာမူ ကားအစီး ရေ ပိုနည်းပြီး ပိုမိုအဆင်ပြေနိုင်သည့်အတွက် အဆိုပါလမ်းကြောင်းကို အသုံးပြုနိုင်ရန် စီစဉ်နေခြင်းဖြစ် ကြောင်း သိရသည်။
အဆိုပါ လမ်းကြောင်းအား ကွင်းဆင်းလေ့လာပြီး၍ အဆင်ပြေပါက တရားဝင်အသုံးပြုနိုင်ရန်အတွက် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ တရားဝင်သွားလာခွင့် ရရန် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6934

## အိန္ဒိယအစိုးရမူဝါဒ စောင့်နေခြင်းကြောင့် ပြည်တွင်း မတ်ပဲနှင့်ပဲစင်းငုံဈေးငြိမ်

အိန္ဒိယအစိုးရ၏ ပဲတင်သွင်းမည့်မူဝါဒအခြေအနေကို စောင့်ကြည့်နေခြင်းကြောင့် ပြည်တွင်းဈေးကွက်အတွင်း

မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းတည်ငြိမ်နေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ မတ်လလယ်က ပြည်ပမှ ပဲတင်သွင်းလိုသည့် ကုန်သည်များကို အဆိုပြုလွှာလျှောက်ထားရန် အိန္ဒိယအစိုးရက ဖိတ်ခေါ်ထားသည်ဆိုသည့် သတင်းထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်တွင် အိန္ဒိယအစိုးရ၏ ပဲတင်သွင်းမည့် အစီအစဉ်ကို ကုန်သည်များက စောင့်ကြည့်နေသည့်အခြေအနေတွင်သာ ရှိနေသည်ဟု ဦးမင်းကိုဦးက ပြောသည်။ ခွဲတမ်းနဲ့ပဲ သွင်းခွင့်ပေးမလား၊ ဘယ်လိုပဲအမျိုးအစားတွေ သွင်းခွင့်ပေးမလဲဆိုတာ စောင့်နေကြကြောင်း ၎င်းကပြောသည်။

ထိုအခြေအနေတွင် ပြည်တွင်းပဲဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ကျပ်ခြောက်သိန်းရှစ်သောင်းကျော်မှ ကျပ်ခုနစ်သိန်းနှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ်ခုနစ်သိန်းသုံးသောင်းမှ ကျပ်ရှစ်သိန်းကျော်အကြား ဈေးရှိကြောင်း ဘုရင့်နောင် ပဲကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောသည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် ပဲအသစ်နှင့် အဟောင်းဈေးနှုန်း နှစ်မျိုးဖွင့်လှစ်ကြောင်း ဦးမင်းကိုဦးကပြောသည်။ မတ်ပဲဈေးနှုန်းက နယ်မြို့များတွင် တစ်တင်းလျှင် ကျပ်နှစ်သောင်းသုံးထောင်ခန့်ရှိပြီး ဝယ်လို အားပုံမှန်ရှိကြောင်း ခနဖြူမြို့နယ်နေ လယ်သမား ဦးသိန်းအောင်က ပြောသည်။ လက်ရှိမြန်မာနိုင်ငံတွင် မတ်ပဲအသစ်ပေါ်ချိန်၌ သိုလှောင်လိုသည့် ပြည်တွင်းကုန်သည်များ၏ ဝယ်လိုအား ကောင်းခြင်းနှင့် အထွက်နှုန်းလျော့နည်းခြင်းက မတ်ပဲတစ်တန်လျှင် ကျပ်တစ်သိန်းကျော်သို့ ဈေးပြန်လည်မြင့်တက်စေကြောင်း ပဲကုန်သည်အချို့ကဆိုသည်။ အိန္ဒိယမှ မတ်ပဲအဝယ်မရှိသော်လည်း ပါကစ္စတန်နှင့် ယူအေအီးနိုင်ငံတို့က တန်ချိန်အနည်းငယ်ဝယ်လိုအားရှိနေသည်။

**Source:** http://www.7daydaily.com/story/153205

## စပါးတင်း ၁၀၀ ကျပ်ငါးသိန်းအောက်ကျပါက အခြေခံဈေးဖြင့်ဝယ်ယူပေးရန် MRF မေတ္တာရပ်ခံ

ပြည်တွင်း စပါးဈေး ကျပ်ငါးသိန်းအောက် ကျဆင်းပါက အခြေခံရည်ညွှန်း စပါးဈေးနှုန်းဖြင့် ဆက်လက်ဝယ်ယူရန် မေတ္တာ ရပ်ခံကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)က မတ်လ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ ၂၀၁၈ မတ်လ ၆ ရက်က အခြေခံရည်ညွှန်း စပါးဈေး ဆန်ကြမ်းစပါးအမျိုးအစား တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းသတ်မှတ်ခဲ့သည်။ အဆိုပါ ရည်ညွှန်းစပါးဈေး၏ သက်တမ်း တစ်နှစ်ဖြစ်ပြီး ၂၀၁၉ မတ်လတွင် အသစ်ပြန်လည်သတ်မှတ်ရမည်ဖြစ်သည်။ သို့သော် သတင်းထုတ်ပြန်သည့်နေ့အထိ ရည်ညွှန်းစပါးဈေး မသတ်မှတ်နိုင်သဖြင့် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်း သတ်မှတ်သည့်နှုန်းထားဖြင့်သာ ဆက်လက်ဝယ်ယူပေးရန် MRF က သတင်းထုတ်ပြန်ခြင်း ဖြစ်သည်။ MRF အသင်းဝင် ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီ အဖွဲ့အစည်းများအနေဖြင့် ၂၀၁၉ အခြေခံ ရည်ညွှန်းစပါးဈေး ထပ်မံမကြေညာမီအထိ လက်ရှိဈေးနှုန်းက အကျုံးဝင်နေသည်ဟုဆိုထားသည်။

ထို့အပြင် ဒေသအလိုက် စပါးပေါက်ဈေးသည် အခြေခံဈေးအောက်ရောက်ရှိမည်ဆိုပါက တောင်သူများဆန်စပါး အသင်းချုပ်သို့ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။ တရုတ်နိုင်ငံက ဆန်တင်သွင်းမှု ရပ်ဆိုင်းခြင်းကြောင့် မူဆယ်တွင် ဆန်တန်ချိန် ငါးသောင်းခန့်ပိတ်မိနေသည်။ တစ်ချိန်တည်းတွင် နွေစပါးစိုက်ပျိုးသော ဧရာဝတီတိုင်းဒေသကြီး မြို့နယ်အချို့မှ စပါးအသစ်များ စတင်ရိတ်သိမ်းပြီး ဈေးကွက်အတွင်း ဆန်သစ်များဝင်လာနေကြောင်း ဘုရင့်နောင် ဆန်ကုန်စည်ဒိုင်မှ အသင်းဝင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ထက်ဝက်ကျော် ဆန်တင်ပို့နေသည့် တရုတ်ဈေးကွက်သည် လက်ရှိတွင် ပိတ်ဆို့နေပြီး ပြည်တွင်းဆန်လက်ကျန်များ၍ အသစ်ထွက်လာသော နွေစပါးဈေးက ဒေသအလိုက်၊ ခရီးအကွာအဝေး အလိုက်၊ စပါးအရည်အသွေးအလိုက် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းခွဲမှ ငါးသိန်းအကြား ဈေးရှိနေကြောင်း ဖျာပုံမြို့နယ်မှ လယ်သမား ဦးလှမင်းကပြောသည်။ ၂၀၁၈ မိုးစပါးရိတ်သိမ်းချိန်တွင် စပါးတင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်း ကျော် ရှိသော်လည်း ၂၀၁၉ နွေစပါး စတင်အသစ်ပေါ်ချိန် စပါးဈေးက အခြေခံရည်ညွှန်းနှုန်းဝန်းကျင်သို့ ကျဆင်းလာသည်။ သင်္ကြန်မတိုင်မီမှာ ဆန်တန်ချိန်တစ်သိန်းကျော်လောက် သင်္ဘောတင်ဖို့ရှိနေတယ်။ အခု စပါးဈေးက ပြန်တက်မယ်လို့ ထင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ နိုင်ငံတကာ ဈေးကွက်တွင် ဆန်ဈေးအတက်ဘက်၌ရှိနေပြီး ယခုလအတွင်း ဆန်တစ်တန်လျှင် ပျမ်းမျှငါးဒေါ်လာခန့် ဈေးပြန်တက်လာသည်ဟု ၎င်းကဆိုသည်။

ထိုအခြေအနေတွင် မြန်မာနိုင်ငံမှဆန်ဈေးက နိုင်ငံတကာဈေးကွက်၌ သက်သာနေခြင်းကြောင့် ဝယ်ယူ လိုသူများ နေကြောင်း ပြည်ပဆန်တင်ပို့သူအချို့ကပြောသည်။ လက်ရှိ မြန်မာဆန်ကို အာဖရိကနိုင်ငံများသို့ အဓိကတင်ပို့နေပြီး

အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲများ တင်ပို့နေသည်။ သကြံန်မတိုင်မီ ပြည်ပသို့ တန်ချိန်နှစ်သောင်းကျော် တင်ဆောင်နိုင်သည့် ဆန်သင်္ဘောငါးစီးခန့် တင်ပို့ရန် ပြည်ပဆန်တင်ပို့သူများက စီစဉ်နေသည်။

**Source:** http://www.7daydaily.com/story/153207

## ဘိန်းအစားထိုးစိုက်ပျိုးသည့် ရှမ်းတောင်တန်းထွက်ကော်ဖီကို ပြင်သစ်နိုင်ငံလွှတ်တော်တွင်မိတ်ဆက်

ကုလသမဂ္ဂ၏ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်ဖြင့်စိုက်ပျိုးသည့် ရှမ်းတောင်တန်းထွက်ကော်ဖီကို ပြင်သစ်နိုင်ငံ လွှတ်တော်တွင် မတ်လ ၂၂ ရက်က စတင်မိတ်ဆက်ခဲ့သည်။ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) နှင့် ပြင်သစ်ကော်ဖီကုမ္ပဏီ (Malon-go) တို့ပူးပေါင်း၍ ရှမ်းတောင်တန်းဒေသထွက် အရည်အသွေးမြင့်ကော်ဖီအမှတ်တံဆိပ် အသစ်အဖြစ် မိတ်ဆက်ခဲ့ခြင်းဖြစ်ကာ ကော်ဖီဖွင့်လှစ်ရောင်းချခြင်းကို ပါရီနှင့်နိုက်စ်မြို့ရှိ Malongo အရောင်းဆိုင်များတွင် ပြုလုပ်ခဲ့ကြောင်း UNODC က သတင်းထုတ်ပြန်သည်။ အဆိုပါကော်ဖီသည် UNODC က ထောက်ပံ့ကူညီပေးသော ရှမ်းပြည်နယ်ရှိ တောင်သူ ၁,၀၀၀ ခန့်ဖြင့် ဖွဲ့စည်းထားသည့် Green Gold သမဝါယမအသင်းက လွိုင်လင်နှင့် ဟိုပုံးမြို့တို့တွင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ကာ ယင်းတောင်သူ များသည် ယခင်က ဘိန်းစိုက်တောင်သူများဖြစ်ခဲ့ကြောင်း UNODC က ဆိုသည်။

Green Gold သမဝါယမအသင်းသည် အစားထိုးဖွံ့ဖြိုးရေး ထုတ်ကုန်ကော်ဖီအဖြစ် ဈေးကွက်တွင်း ရောက်ရှိရန် Malongo ပြင်သစ်ကော်ဖီကုမ္ပဏီနှင့် ၂၀၁၇ က စတင်ပြီး အကျိုးတူပူးပေါင်း လုပ်ဆောင်ခဲ့သည်။ ငါးနှစ်တာ အကျိုးတူ ပူးပေါင်း လုပ်ဆောင်ခြင်း သဘောတူညီမှုအရ Malon- go သည် ကော်ဖီစိုက်တောင်သူ ၁,၀၀၀ ကျော်ထံမှ တစ်နှစ်လျှင် ကော်ဖီတန်ပေါင်း ၆၀၀ အထိ ဝယ်ယူရန် သဘောတူထားကြောင်း UNODC က ထုတ်ပြန်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ဘိန်းစိုက်တောင်သူများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော အစားထိုး အသက် မွေးဝမ်းကျောင်းလုပ်ငန်းများဖွံ့ဖြိုးလာစေရေး တောင်သူများအနေဖြင့် ကော်ဖီစိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့ကို လွတ်လပ်စွာ လုပ်ဆောင်နိုင်စေရန်နှင့် နိုင်ငံတကာဈေးကွက်များတွင် လူကြိုက် အများဆုံးသော ကော်ဖီများထဲမှ တစ်ခုအဖြစ် ပြည်ပသို့ တင်ပို့နိုင်သော အရည်အသွေးမြင့် ကော်ဖီထုတ်လုပ်နိုင်ခြင်းဖြင့် အကျိုးအမြတ်ရရှိစေရန်ဖြစ်ကြောင်း UNODC Country Manager Mr. Troels Vester က ပြောသည်။ ဒီလုပ်ငန်းက မြန်မာနိုင်ငံမှာ ဘိန်းထုတ်လုပ်မှုကို လျော့ကျစေတယ်ဟု ၎င်းကဆိုသည်။

ယင်းအစီအစဉ်တွင် မူးယစ်ဗဟို၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် သစ်တော ဦးစီးဌာနစသည့် အစိုးရဌာနများ ပူးပေါင်းပါဝင်ကြောင်း UNODC က ဆိုသည်။ မြန်မာနိုင်ငံကို ကော်ဖီ ထုတ်လုပ်သည့် နေရာတစ်ခုဖြစ်လာစေရန် UNODC ၏ ရေရှည်တည်တံ့ခိုင်မြဲသော အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းသာမက ဖင်လန်နှင့် ဂျာမနီအစိုးရတို့က ငွေကြေးအရ ကူညီမှုနှင့် ဆွစ်ဇာလန်အဖွဲ့အစည်းက သမဝါယမအသင်းအား လိုအပ်သည်များ ကူညီထောက်ပံ့ပေးနေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ကမ္ဘာ့ဘိန်းထုတ်လုပ်ရောင်းချမှု အများဆုံးနိုင်ငံ စာရင်းတွင် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် ဒုတိယမြောက်အများဆုံးဖြစ်သော မြန်မာနိုင်ငံ၏ ၉၀ ရာခိုင်နှုန်းသော ဘိန်းမှာ ရှမ်းပြည်နယ်မှထွက်ရှိခဲ့ကြောင်း UNODC ၏ အချက်အလက်များတွင် ဖော်ပြသည်။

**Source:** http://www.7daydaily.com/story/153047

## ကိုရီးယား KB ဘဏ်က မြန်မာတွင်ဘဏ္ဍာရေးလုပ်ငန်း တိုးချဲ့ရန်စီစဉ်နေ

ကိုရီးယားနိုင်ငံ၏ စတုတ္ထမြောက်ဘဏ္ဍာရေးလုပ်ငန်းတစ်ခုဖြစ်သည့် KB (Kookmin Bank) ဘဏ္ဍာရေး လုပ်ငန်းစုက အနာဂတ်အခွင့်အလမ်းများအတွက် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း အဆိုပါလုပ်ငန်းစုဥက္ကဋ္ဌ Yoon Jong Kyoo ကပြောသည်။ လက်ရှိ ကိုရီးယားသမ္မတ၏ တောင်ပိုင်းဆိုင်ရာ မူဝါဒအသစ် (New Southern Policy)အရ မြန်မာနှင့်အိန္ဒိယနိုင်ငံကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်ပြီး ပြည်တွင်းရှိ ဘဏ္ဍာရေး လုပ်ငန်းများနှင့် ကုမ္ပဏီချင်းပူးပေါင်းဆောင်ရွက်မည်ဟု ၎င်းကဆိုသည်။

KB ဘဏ်သည် အသေးစားချေးငွေလုပ်ငန်းကို ၂၀၁၇ တွင် ဖွင့်လှစ်ခဲ့ပြီး ချေးငွေလုပ်ငန်းများဆောင်ရွက်နေသည်။ ကိုရီးယားဘဏ်သည် ပြည်တွင်းရှိ တန်ဖိုးနည်းအိမ်ရာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေသည်။ KB သည် ကိုရီးယားနိုင်ငံ တွင် KB ဘဏ်ကတ်၊ အသက်အာမခံလုပ်ငန်း၊ ငွေကြေးလုပ်ငန်းများတွင် နာမည်ကျော်ကြားပြီး အိမ်ရာနှင့် စီးပွားရေးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နေသည့် ဘဏ်တစ်ခုဖြစ်သည်။

ကိုရီးယားဘဏ်လုပ်ငန်း တစ်ခုဖြစ်သည့် Shinhan ဘဏ္ဍာရေးလုပ်ငန်းစု၏ ဘဏ်ခွဲကို မြန်မာအစိုးရက ၂၀၁၆ တွင် ဖွင့် လှစ်ခွင့်ပေးခဲ့သည်။ မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍများတိုးတက်ရေး အစိုးရက အားပေးနေသည်ကို တွေ့ရပြီး ကိုရီးယားဘဏ်များ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခွင့်လိုင်စင်ရအောင် ကြိုးစားပေးမည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်က ပြောကြားထားသည်။

**Source:** http://7daydaily.com/story/153222

## မှိုခြောက်မှုန့်ကို အာရှနိုင်ငံများသို့ တင်ပို့သွားမည်




ပြည်တွင်းထွက် မှိုခြောက်မှုန့်ကို အိမ်နီးချင်းနိုင်ငံများသို့ တင်သွင်းရန်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံစားသုံး မှိုအစုအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ကပြောသည်။ ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှိုများကို အခြောက်လှန်းကာ ပေါင်ဒါမှုန့်ပြုလုပ်၍ ဟင်းခတ်မှုန့်အဖြစ် အသုံးပြုမှု တွင်ကျယ်လာသည့်အတွက် ယခုကဲ့သို့ ဈေးကွက်ချဲ့ထွင်ရန် စီစဉ်ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် နမူနာအမှုန့်များကို မလေးနိုင်ငံသို့ လာမည့် ဧပြီလအတွင်း တင်ပို့သွားမည်ဖြစ်ပြီး အခြားနိုင်ငံများကိုလည်း တင်ပို့နိုင်ရန် စီစဉ်နေသည်။ မှိုအမှုန့်ကို ပြည်တွင်းမှာလည်း အသုံးပြုမှုများလာပါတယ်။ ပြည်တွင်းမှာ မှိုစိုက်သူတွေများလာတော့ မှိုဈေးနှုန်းတွေကကျလာတယ်။ အဲဒါကြောင့် ဈေးကွက်ချဲ့ထွင်ရတာပါ။ ပို့ဖို့ကလည်း နိုင်ငံတကာအရည်အသွေးပြည့်မီဖို့ လိုအပ်သလို FDA ရဲ့ ခွင့်ပြုချက်လည်း လိုအပ်ကြောင်း ၎င်းကပြောသည်။

မှိုဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဝန်းကျင်ရှိနေပြီး ရန်ကုန်ဈေးကွက်သို့ နေ့စဉ် မှိုပိဿာချိန် ၇၀၀၀ မှ ၁၀၀၀၀ ကြား ဝင်ရောက်ကြောင်း ဦးတင်အောင်ကဆိုသည်။ မှိုအခြောက်တို တင်ပို့ရောင်းချနိုင်ရန် ထိုင်ဝမ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများရှိ ဝယ်လက်များနှင့်ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟုလည်း မြန်မာနိုင်ငံစားသုံးမှို အစုအဖွဲ့နည်းပြ ဒေါ်သွယ်သွယ်အေးကပြောသည်။ သစ်သီးဝလံအသင်းကို မှိုသင်တန်းပေးဖို့ တောင်သူတွေက အများဆုံး တောင်းဆိုလာကြပါတယ်။ ဝင်ငွေရတာမြန်တဲ့အတွက် လူတွေကစိတ်ဝင်စားလာကြကြောင်း ၎င်းက ပြောသည်။

တောင်သူများအတွက် မှိုစနစ်တကျ စိုက်ပျိုးနည်းသင်တန်းများကို ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတွင် ပြုလုပ်ပေးခဲ့ပြီး စစ်တွေမြို့နှင့်အမ်းမြို့တွင် သင်တန်းဖွင့်လှစ်ရန် စီစဉ်ထားကြောင်းလည်း ၎င်းကဆိုသည်။ မှိုများကို တွင်ကျယ်စွာ စိုက်ပျိုးလာကြသော်လည်း အချို့သော မှိုစိုက်သူများမှာ နောက်ချေး၊ ကပ်ထူစက္ကူ အထူ၊ ဖေဒါများအသုံးပြုကာ စိုက်ပျိုးမှုများပြုလုပ်လာကြရာ ယင်းမှထွက်ရှိသည့်အနံ့ကြောင့် ထိုမှိုများကို အဆင့်မြင့်စားသောက်ဆိုင်များက ဝယ်ယူမှုမရှိကြောင်း မှိုစိုက်သူများကဆိုသည်။ မှိုစိုက်ပျိုးရာတွင် လယ်ယာထွက်ပစ္စည်းများကို အသုံးပြု၍စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးစရိတ်နည်းပါးခြင်း၊ တစ်ပတ်အတွင်းငွေပြန်ရခြင်း တို့ကြောင့် တောင်သူများလယ်ယာစိုက်ပျိုးမှု နားနေချိန်များတွင် တစ်ပိုင်တစ်နိုင်လုပ်ကိုင်မှုများလည်း များပြားလာ သည်ဟု ဦးတင်အောင်ကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/121791.html

## မော်ကျွန်းနှင့် ဘိုကလေးတို့၌ စိုက်ပျိုးသည့် အိန္ဒိယဒန့်သလွန် ပြည်ပမှကမ်းလှမ်း

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မယ်တလိုင်းကျေးရွာတွင် အိန္ဒိယဒန့်သလွန်မျိုးကို လွန်ခဲ့သော ခြောက်လခန့်မှ စတင်စိုက်ပျိုးခဲ့ကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ယင်းအိန္ဒိယ ခြောက်လဒန့်သလွန်ပင်များကို မတ် ၂၆ ရက် နံနက် ၇ နာရီခွဲက အငြိမ်းစား စိုက်ပျိုးရေးဝန်ထမ်း ဦးလှမြင့်နှင့် ဒန့်သလွန်စိုက်ပျိုးရေး စိတ်ဝင်စားသူများက မယ်တလိုင်းကျေးရွာ မော်တော်ကားလမ်း တစ်လျှောက်နှင့် ကျေးရွာအတွင်း ဒန့်သလွန်ပင် စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုပြီး ဒန့်သလွန်စိုက် တောင်သူ များနှင့် တွေ့ဆုံကာ ဆေးဖက်ဝင်ပြီး စီးပွားရေးတွက်ခြေကိုက် အကျိုးများစေသော စီးပွားဖြစ်ဒန့်သလွန်ပင် စိုက်ပျိုး နည်း

များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံထွက် ဒန့်သလွန်သီးများကို ဂျပန်၊ တရုတ် (တိုင်ပေ)နှင့် အမေရိကန်နိုင်ငံတို့ကလည်း ဝယ်ယူရန် ကမ်းလှမ်းထားသဖြင့် ဈေးကွက်စီးပွားရေးအရ ဒန့်သလွန်ပင်စိုက်ပျိုးသူတောင်သူများအတွက် ဝင်ငွေတိုးပွား အကျိုးများနိုင်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/121775.html

## STOCK EXCHANGE (28.3.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,800 | 8,700 | 380 | 3,306,100 | 27,112,747 | 235,881 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 9,196 | 26,208,600 | 38,929,150 | 110,948 |
| MCB | 00003 | 7,000 | -200 | -2.78% | 7,000 | 7,000 | 7,000 | 44 | 308,000 | 10,400,986 | 72,807 |
| FPB | 00004 | 20,500 | +0 | +0.00% | 20,500 | 20,500 | 20,500 | 82 | 1,681,000 | 2,472,053 | 50,677 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.20 | -0.10 | -0.03% | 369.72 | 369.72 | 368.20 | 9,702 | 31,503,700 | 5 | 502,677 |


**Index chart**



# Market Overview

As of 1:00 pm, 28th Mar. 2019

| MYANPIX | 368.20 ▼ 0.10 |
|---|---|
| Total Volume (shares) | 9,702 |
| Total Value (MMK) | 32 mil |
| Listed Company | 5 |
| Market Cap. (MMK) | 502,677 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 50 |
| MCB | 00003 | 7,000 | ▼ 200 |
| FPB | 00004 | 20,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |

TIR